ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် 1267 မှ ဆုံးဖြတ်ချက်အမှတ် SC/16488 နှင့် SC/16490 တို့ဖြင့် ထုတ်ပြန်ထားရှိသည့် လူပုဂ္ဂိုလ်အမည်စာရင်းများအား သိရှိနိုင်ပါရန် ထုတ်ပြန်ကြေညာခြင်း

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်

၁။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် 1267 (https://www.un.org/ security concil/sanctoins/1267/press-release)တွင်လည်းကောင်း၊ လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားမှုများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်အမှတ် 1718 ကော်မတီမှ ထုတ်ပြန်ထားသည့် ဆုံးဖြတ်ချက်များအား (https://www.un.org/securityconcil/sanctoins/1718/press-release)တွင်လည်းကောင်း ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ၂၆-၁၀-၂၀၂၆ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် 1267 မှ ဆုံးဖြတ်ချက်အမှတ် SC/16488 နှင့် SC/16490 တို့ဖြင့် ထုတ်ပြန်ထားသောလူပုဂ္ဂိုလ်များ၏စာရင်းများကို သိရှိနိုင်ရေးအတွက် အထက်ဖော်ပြပါ 1267 နှင့်ပတ်သက်သည့် website Link တွင် ဝင်ရောက်ကြည့်ရှုသွားရန်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများကြီးကြပ်ရေးအာဏာပိုင်

အလွတ်သဘော ဘာသာပြန်ဆိုချက်

SC/16488

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်

လုံခြုံရေးကောင်စီ၏ ISIL နှင့် အယ်လ်ကိုင်းဒါး ပိတ်ဆို့အရေးယူမှုကော်မတီက ၎င်း၏ ပိတ်ဆို့အရေးယူမှုစာရင်းမှ အချက်အလက် ၃ ခုကို ဖယ်ရှားလိုက်သည်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် ISIL ၊ အယ်လ်ကိုင်းဒါးနှင့်ဆက်နွယ်သော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက် ၁၂၆၇ (၁၉၉၉)၊ ၁၉၈၉(၂၀၁၁) နှင့် ၂၂၅၃(၂၀၁၅)တို့အရ ဖွဲ့စည်းထားသော လုံခြုံရေးကောင်စီ ကော်မတီသည် အောက်ပါထည့်သွင်းချက်များကို ISIL (ဒါအက်) နှင့် အယ်လ်ကိုင်းဒါး ပိတ်ဆို့ရေး စာရင်းမှ ဖယ်ရှားခဲ့သည်။ ယင်းထည့်သွင်းချက်များကို ဆုံးဖြတ်ချက် ၂၇၃၄ (၂၀၂၄) ၏ အပိုဒ် ၇၅ အရ သတ်မှတ်ထားသောနိုင်ငံမှ တင်သွင်းသည့် စာရင်းမှဖယ်ရှားရေး တောင်းဆိုချက်အပေါ် ကော်မတီက သုံးသပ်ပြီးစီးပြီးနောက် ဖျက်ပစ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ကုလသမဂ္ဂပဋိညာဉ်စာချုပ် အခန်း ၇ အရ အတည်ပြုထားသော လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၂၇၃၄ (၂၀၂၄) ၏ အပိုဒ် ၁ တွင် ဖော်ပြထားသည့် ပိုင်ဆိုင်မှုများ ထိန်းချုပ်ခြင်း၊ ခရီးသွားလာမှု တားမြစ်ခြင်းနှင့် လက်နက်တင်သွင်းမှု ပိတ်ပင်ခြင်းတို့သည် အောက်ပါအမည်များ အပေါ် သက်ရောက်မှု မရှိတော့ပါ–

တစ်ဦးချင်းပုဂ္ဂိုလ်များ

QDi.338

အမည်	–	၁။ SHAFI
		၂။ SULTAN
		၃။ MOHAMMED SULTAN
		၄။ AL–AJMI
ဘွဲ့/ရာထူး	–	ဒေါက်တာ
ရာထူးတာဝန်	–	မရှိ
မွေးသက္ကရာဇ်	–	၁–၁–၁၉၇၃
မွေးဖွားရာဒေသ	–	ဝါရာမြို့၊ ကူဝိတ်နိုင်ငံ
ခိုင်မာမှုရှိသော အခြားအမည်များ	–	(က) Shafi al–Ajmi
		(ခ) Sheikh Shafi al–Ajmi

(၈) SHAFI S. M. S. ALAJMI

ခိုင်မာမှုနည်းသော အခြားအမည်များ- Shaykh Abu-Sultan

နိုင်ငံသား - ကူဝိတ်

ပတ်စပို့နံပါတ် - (က) Kuwait number H 03111298

(ခ) Kuwait number 003111298 ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၁၆ ရက်တွင် ကူဝိတ်နိုင်ငံ၌ ထုတ်ပေးခဲ့ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁၅ ရက်တွင် သက်တမ်းကုန်ဆုံးသည် (Shafi S M S Alajmi အမည်ဖြင့်၊)

(ဂ) 0216155930

နိုင်ငံသားစိစစ်ရေးကတ် - Kuwait 273010101204

မွေးဖွားရာဒေသ - အဆောက်အအုံ ၄၁၊ လမ်း ၃၂၇၊ ဇရိယာ ၃၊ အယ်လ်-အူကေးလာ (Al-Uqaylah)၊ ကူဝိတ်နိုင်ငံ

စာရင်းသွင်းသည့်ရက်စွဲ - ၂၃-၉-၂၀၁၄ (ပြင်ဆင်သည့်ရက်စွဲများ ၂၄-၁၁-၂၀၂၀၊ ၂၂-၈-၂၀၂၅၊ ၁၃-၈-၂၀၁၆)

ပြန်လည်သုံးသပ်ခြင်းပြီးဆုံးသည့်ရက်- ၂၄-၁၁-၂၀၂၀၊ ၇-၁၁-၂၀၂၄

အခြားအချက်အလက်များ - လီဗန့်ပြည်သူများအတွက် အယ်လ်-နူစ်ရာ့ဟ် မျက်နှာစာ (Al-Nusrah Front - ယခင်က စာရင်းသွင်းခဲ့သည်) အတွက် ရန်ပုံငွေရှာဖွေသူဖြစ်သည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် အထူးအမိရီ အမိန့်အမှတ် ၂၂၅/၂၀၂၃ အရ ကူဝိတ်နိုင်ငံရှိ အကျဉ်းထောင်မှ ပြန်လွှတ်ပေးခဲ့သည်။

QDi.399

အမည် ၁။ BASSAM

၂။ AHMAD

၃။ AL-HASRI

ဘွဲ့/ရာထူး - မရှိ

ရာထူးတာဝန် - မရှိ

မွေးသက္ကရာဇ် - ၁-၁-၁၉၆၉ (ခန့်မှန်းခြေ ၁၉၇၁)

မွေးဖွားရာဒေသ	-	(က) ဆီးရီးယားနိုင်ငံ၊ ဒမတ်စကတ်ပြည်နယ်၊ ကလာမွန် (Qalamun) (ခ) ဆီးရီးယားနိုင်ငံ၊ ဒမတ်စကတ်ပြည်နယ်၊ ဂူတာ (Ghutah) (ဂ) ဆီးရီးယားနိုင်ငံ၊ ရစ်ဖ် ဒီမာ့ရှ်ခ် (Rif Dimashq)၊ တာဒါမွန် (Tadamon)
ခိုင်မာမှုရှိသော အခြားအမည်များ	-	Bassam Ahmad Husari
ခိုင်မာမှုနည်းသော အခြားအမည်များ	-	(က) Abu Ahmad Akhlaq (ခ) Abu Ahmad al-Shami
နိုင်ငံသား	-	(က) ဆီးရီးယား (ခ) ပါလက်စတိုင်းနိုင်ငံ
ပတ်စပို့နံပါတ်	-	မရှိ
နိုင်ငံသားစိစစ်ရေးကတ်	-	မရှိ
နေရပ်လိပ်စာ	-	ဆီးရီးယားနိုင်ငံ (တောင်ပိုင်း၊ ၂၀၁၆ ခုနှစ် ဇူလိုင်လအထိ)
စာရင်းသွင်းသည့်ရက်စွဲ	-	၂၂-၂-၂၀၁၇ (ပြင်ဆင်သည့်ရက်စွဲများ ၈-၁၁-၂၀၂၂)
ပြန်လည်သုံးသပ်ခြင်း ပြီးဆုံးသည့် ရက်စွဲ	-	၈-၁၁-၂၀၂၂
အခြားအချက်အလက်များ	-	၂၀၁၆ ခုနှစ် ဇူလိုင်လကတည်းက ဆီးရီးယားနိုင်ငံတောင်ပိုင်းအတွက် လီဗန့်ပြည်သူများအတွက် အယ်လ်-နူစ်ရာ့ဟ် မျက်နှာစာ (ယခင်က စာရင်းသွင်းခဲ့သည်)၏ ခေါင်းဆောင်ဖြစ်သည်။

QDi.400

အမည်		၁။ IYAD
		၂။ NAZMI
		၃။ SALIH
		၄။ KHALIL
ဘွဲ့/ရာထူး	-	မရှိ
ရာထူးတာဝန်	-	မရှိ

မွေးသက္ကရာဇ် - ၁၉၇၄

မွေးဖွားရာဒေသ - ဆီးရီးယားနိုင်ငံ

ခိုင်မာမှုရှိသော အခြားအမည်များ - (က) Ayyad Nazmi Salih Khalil

(ခ) Eyad Nazmi Saleh Khalil

ခိုင်မာမှုနည်းသော အခြားအမည်များ- (က) lyad al–Toubasi

(ခ) lyad al–Tubasi

(ဂ) Abu al– Darda'd

(ဃ) Abu–Julaybib al–Urduni

(င) Abu–Julaybib

နိုင်ငံသား - ဂျော်ဒန်

ပတ်စပို့နံပါတ် - (က) Jordan 654781(၂၀၀၉ ခုနှစ်ခန့်တွင် ထုတ်ပေးခဲ့သည်)

(ခ) Jordan 286062 (၁၉၉၉ ခုနှစ် ဧပြီလ ၅ ရက်တွင် ဂျော်ဒန်၊ ဇာကာမြို့၌ ထုတ်ပေးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီလ ၄ ရက်တွင် သက်တမ်းကုန်ဆုံးသည်)

နိုင်ငံသားစိစစ်ရေးကတ် - မရှိ

နေရပ်လိပ်စာ - ဆီးရီးယားနိုင်ငံ (ကမ်းရိုးတန်းဒေသ၊ ၂၀၁၆ ခုနှစ် ဧပြီလ အထိ)

စာရင်းသွင်းသည့်ရက်စွဲ - ၂၂-၂-၂၀၁၇ (ပြင်ဆင်သည့်ရက်စွဲများ ၈-၁၁-၂၀၂၂)

ပြန်လည်သုံးသပ်ခြင်း ပြီးဆုံးသည့် ရက်စွဲ - ၈-၁၁-၂၀၂၂

အခြားအချက်အလက်များ - ၂၀၁၆ ခုနှစ် ဇူလိုင်လကတည်းက ဆီးရီးယားနိုင်ငံတောင်ပိုင်းအတွက် လီဗန့်ပြည်သူများအတွက် အယ်လ်-နူစ်ရာ့ဟ် မျက်နှာစာ (ယခင်က စာရင်းသွင်းခဲ့သည်) ၏ ခေါင်းဆောင်ဖြစ်သည်။

ကော်မတီ၏ ဆုံးဖြတ်ချက်အရ ISIL (ဒါအက်) နှင့် အယ်လ်ကိုင်းဒါး အရေးယူပိတ်ဆို့ရေး စာရင်းမှ ဖယ်ရှားခဲ့သော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၏ အမည်များကို ကော်မတီ၏ ဝဘ်ဆိုက်ရှိ "သတင်းထုတ်ပြန်ချက်များ" (Press Releases) ကဏ္ဍတွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။ ISIL (ဒါအက်)

နှင့် အယ်လ်ကိုင်းဒါး အရေးယူပိတ်ဆို့ရေးစာရင်းနှင့် ပတ်သက်သော အခြားအချက်အလက်များကို လည်း အောက်ပါ URL ရှိ ကော်မတီ၏ ဝဘ်ဆိုက်တွင် ရှာဖွေတွေ့ရှိနိုင်ပါသည်- https://main.un.org/securitycouncil/en/sanctions/1267/aq_sanctions_list/procedures-for-delisting.

ISIL နှင့် အယ်လ်ကိုင်းဒါး ပိတ်ဆို့အရေးယူမှုစာရင်းကို အဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများမှ ပေးပို့သော သက်ဆိုင်ရာအချက်အလက်များအပေါ် အခြေခံ၍ ပုံမှန် မွမ်းမံပြင်ဆင်လျက်ရှိသည်။ မွမ်းမံထားသော စာရင်းကို ISIL နှင့် အယ်လ်ကိုင်းဒါး ပိတ်ဆို့အရေးယူမှု ကော်မတီ၏ ဝဘ်ဆိုက်ဖြစ်သော အောက်ပါ URL တွင် ကြည့်ရှုနိုင်ပါသည်- https://main.un.org/securitycouncil/en/sanctions/1267/aq_sanctions_list.

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ပေါင်းစပ်စာရင်း (Consolidated List) ကိုလည်း ISIL နှင့် အယ်လ်ကိုင်းဒါး ပိတ်ဆို့အရေးယူမှုစာရင်းတွင် ပြုလုပ်ခဲ့သော ပြောင်းလဲမှုအားလုံးနှင့်အညီ မွမ်းမံပေးထားပါသည်။ ပေါင်းစပ်စာရင်း၏ မွမ်းမံထားသော အချက်အလက်များကို အောက်ပါ URL ဝဘ်ဆိုက်မှတစ်ဆင့် ကြည့်ရှုနိုင်ပါသည်- https://main.un.org/securitycouncil/en/content/un-sc-consolidated-list.

SC/16490

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်

လုံခြုံရေးကောင်စီ၏ ISIL နှင့် အယ်လ်ကိုင်းဒါး ပိတ်ဆို့အရေးယူမှုကော်မတီက ၎င်း၏ ပိတ်ဆို့အရေးယူမှုစာရင်းမှ အချက်အလက် ၃ ခုကို ပြင်ဆင်လိုက်သည်

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ISIL (ဒါအက်)၊ အယ်လ်ကိုင်းဒါးနှင့် ဆက်စပ်သော ပုဂ္ဂိုလ်များ၊ အဖွဲ့များ၊ လုပ်ငန်းများနှင့် အဖွဲ့အစည်းများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက် ၁၂၆၇ (၁၉၉၉)၊ ၁၉၈၉ (၂၀၁၁) နှင့် ၂၂၅၃ (၂၀၁၅) အရ လုံခြုံရေးကောင်စီကော်မတီသည် ကုလသမဂ္ဂပဋိညာဉ်စာချုပ် အခန်း ၇ အရ အတည်ပြုထားသော လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၂၇၃၄ (၂၀၂၄) ၏ အပိုဒ် ၁ တွင် ဖော်ပြထားသည့် ပိုင်ဆိုင်မှုများ ထိန်းချုပ်ခြင်း၊ ခရီးသွားလာမှု တားမြစ်ခြင်းနှင့် လက်နက်တင်သွင်းမှု ပိတ်ပင်ခြင်းတို့ကို ခံရသော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၏ ISIL (ဒါအက်) နှင့် အယ်လ်ကိုင်းဒါး ပိတ်ဆို့ရေးစာရင်းတွင် အောက်ပါ ထည့်သွင်းချက်များ၌ ဖျက်လိုင်းနှင့် အောက်မျဉ်းသားထားသည့်အတိုင်း ပြင်ဆင်ချက်များကို ပြဋ္ဌာန်းခဲ့သည်။

တစ်ဦးချင်းပုဂ္ဂိုလ်များ

QDi.340

အမည်	၁။	EMILIE
	၂။	EDWIGE
	၃။	KONIG
ဘွဲ့/ရာထူး	–	မရှိ
ရာထူးတာဝန်	–	မရှိ
မွေးသက္ကရာဇ်	–	၉-၁၂-၁၉၈၄
မွေးဖွားရာဒေသ	–	ပလိုမာမြို့၊ ပြင်သစ်နိုင်ငံ
ခိုင်မာမှုရှိသော အခြားအမည်များ	–	မရှိ
ခိုင်မာမှုနည်းသော အခြားအမည်များ	–	Emilie Samra Konig
နိုင်ငံသား	–	ပြင်သစ်
ပတ်စပို့နံပါတ်	–	France number 05 AT521433 (၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်တွင် ထုတ်ပေးခဲ့သည်၊ ပြင်သစ်နိုင်ငံ၊ လိုရီယန်မြို့တွင်

ထုတ်ပေးခဲ့သည် (ပြင်သစ်နိုင်ငံ၊ လိုရီယန်မြို့ ရဲတပ်ဖွဲ့ခွဲမှ ထုတ်ပေးခဲ့သည်)

နိုင်ငံသားစိစစ်ရေးကတ် – (က) France နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် 050456101445၊ ၂၀၀၅ခုနှစ် မေလ ၁၉ ရက်တွင် ထုတ်ပေးခဲ့သည်၊ ပြင်သစ်နိုင်ငံ၊ လိုရီယန်မြို့တွင် ထုတ်ပေးခဲ့သည် (ပြင်သစ်နိုင်ငံ၊ လိုရီယန်မြို့ ရဲတပ်ဖွဲ့ခွဲမှ ထုတ်ပေးခဲ့သည်)

(ခ) France နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် 0205561020089၊ ၂၀၀၂ ခုနှစ် မေလ ၃၀ ရက်တွင် ထုတ်ပေးခဲ့သည် (Emilie Edwige Konig အမည်ဖြင့် ထုတ်ပေးခဲ့သည်)

မွေးဖွားရာဒေသ – ပြင်သစ်

စာရင်းသွင်းသည့်ရက်စွဲ – ၂၃-၉-၂၀၁၄ (ပြင်ဆင်သည့်ရက်စွဲများ ၂၄-၆-၂၀၁၆၊ ၁၅-၁၁-၂၀၂၁၊ ၂၆-၁၀-၂၀၂၆)

ပြန်လည်သုံးသပ်ခြင်းပြီးဆုံးသည့်ရက်- ၁၅-၁၁-၂၀၂၁၊ ၃၁-၁၂-၂၀၂၅

အခြားအချက်အလက်များ – ဆီးရီးယားသို့ သွားရောက်ခဲ့ပြီး အီရတ်နှင့် လီဗန်သို့ရှိ အစ္စလာမ်မစ် နိုင်ငံတော် (အီရတ်ရှိ အယ်လ်ကိုင်းဒါး (AQI) – QDe.115 အဖြစ် စာရင်းသွင်းထားသည်) တွင် ပါဝင်ခဲ့သော ပြင်သစ် အကြမ်းဖက်တိုက်ခိုက်ရေးသမားဖြစ်သည်။ အင်တာနက်မှတစ်ဆင့် အယ်လ်ကိုင်းဒါး (QDe.004) ၏ အတွေးအခေါ်ကို အစွန်းရောက်စေရန်နှင့် ဖြန့်ဝေရာတွင် တက်ကြွစွာ ပါဝင်ခဲ့သည်။ ပြင်သစ်နိုင်ငံအပေါ် အကြမ်းဖက်လှုပ်ရှားမှုများ လှုံ့ဆော်ခဲ့သည်။ ~~အကြမ်းဖက်မှုဆိုင်ရာ မူးယစ်ဆေးမှုတွင် ပါဝင်မှုဖြင့် ၂၀၁၅ ခုနှစ် ဇွန်လ ၁၂ ရက်တွင် ပါရီမြို့ အစိုးရရှေ့နေရုံး၏ အကြမ်းဖက်မှု တိုက်ဖျက်ရေးဌာနမှ တရားသူကြီးက ပြင်သစ် ဖမ်းဝရမ်း ဆုတ်ခဲ့သည်။~~ လက်ရှိတွင် ပြင်သစ်နိုင်ငံ၌ ထိန်းသိမ်းခံထားရသည်။လိင်-အမျိုးသမီး။

QDi.342

အမည် ၁။ OUMAR

၂။ DIABY

ဘွဲ့/ရာထူး – မရှိ

ရာထူးတာဝန် – မရှိ

မွေးသက္ကရာဇ် - ၅-၈-၁၉၇၅
မွေးဖွားရာဒေသ - ဒါကာမြို့၊ ဆီနီဂေါနိုင်ငံ
ခိုင်မာမှုရှိသော အခြားအမည်များ - မရှိ
ခိုင်မာမှုနည်းသော အခြားအမည်များ- (က) Omsen
(ခ) ~~Oumar~~ Omar Omsen
နိုင်ငံသား - ဆီနီဂေါ
ပတ်စပို့နံပါတ် - မရှိ
နိုင်ငံသားစိစစ်ရေးကတ် - မရှိ
နေရပ်လိပ်စာ - ဆီးရီးယားနိုင်ငံ
စာရင်းသွင်းသည့်ရက်စွဲ - ၂၃-၉-၂၀၁၄ (ပြင်ဆင်သည့်ရက်စွဲများ ၆-၁၂-၂၀၁၉၊ ၃၀-၁၀-၂၀၂၃၊ ၂၆-၁၀-၂၀၂၆)
ပြန်လည်သုံးသပ်ခြင်း ပြီးဆုံးသည့် ရက်စွဲ - ၄-၁၂-၂၀၁၉၊ ၃၀-၁၀-၂၀၂၃
အခြားအချက်အလက်များ - အယ်လ်ကိုင်းဒါး (QDe.004) နှင့် လီဗန့်ပြည်သူများအတွက် အယ်လ် -နူစ်ရာ့ဟ် မျက်နှာစာ (ယခင်က စာရင်းသွင်းခဲ့သည်) တို့နှင့် ဆက်စပ်နေသော လက်နက်ကိုင်အဖွဲ့တစ်ခု၏ ခေါင်းဆောင်ဖြစ်ပြီး ~~ဆီးရီးယားနိုင်ငံခြားသား အကြမ်းဖက်တိုက်ခိုက်ရေးသမား~~ ဆီးရီးယားသို့ သွားရောက်နေသော နိုင်ငံခြားသား အကြမ်းဖက်တိုက်ခိုက်ရေးသမားများ၏ ကွန်ရက် အတွက် အဓိကကူညီဆောင်ရွက်ပေးသူဖြစ်သည်။ အင်တာနက်မှတစ်ဆင့် အကြမ်းဖက်ဝါဒ ဖြန့်ချိရေးတွင် တက်ကြွစွာ ပါဝင်ခဲ့သည်။

QDi.376

အမည် ၁။ PETER
၂။ CHERIF
ဘွဲ့/ရာထူး - မရှိ
ရာထူးတာဝန် - မရှိ
မွေးသက္ကရာဇ် - ၂၆-၈-၁၉၈၂
မွေးဖွားရာဒေသ - ၂၀ ခရိုင်၊ ပဲရစ်မြို့၊ ပြင်သစ်နိုင်ငံ
ခိုင်မာမှုရှိသော အခြားအမည်များ - Abu Hamza
ခိုင်မာမှုနည်းသော အခြားအမည်များ - မရှိ

နိုင်ငံသား	-	ပြင်သစ်
ပတ်စပို့နံပါတ်	-	မရှိ
နိုင်ငံသားစိစစ်ရေးကတ်	-	မရှိ
နေရပ်လိပ်စာ	-	~~ယီမင်နိုင်ငံ၊ မာဒ်ရာမေခ့သ်ပြည်နယ်၊ အယ်လ်မူကားလာဖြို့~~ ပြင်သစ်နိုင်ငံ (ထိန်းသိမ်းခံထားရသည်)
စာရင်းသွင်းသည့်ရက်စွဲ	-	၂၉-၉-၂၀၁၅ (ပြင်ဆင်သည့်ရက်စွဲများ ၂၄-၆-၂၀၁၆၊ ၁၅-၁၁-၂၀၂၁၊ ၁၈-၈-၂၀၂၆၊ ၂၆-၁၀-၂၀၂၆)
ပြန်လည်သုံးသပ်ခြင်း ပြီးဆုံးသည့်ရက်စွဲ	-	၁၅-၁၁-၂၀၂၁၊ ၃၁-၁၂-၂၀၂၅
အခြားအချက်အလက်များ	-	အာရေဗျကျွန်းဆွယ်ရှိ အယ်လ်ကိုင်းဒါး (AQAP – QDe.129)၏ အဖွဲ့ဝင်ဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ ပြစ်မှုထင်ရှားစီရင်ခံရပြီး ထောင်ဒဏ်ငါးနှစ်ချမှတ်ခံရသည် (တရားရုံးရှေ့မှောက်သို့ တက်ရောက်ခြင်းမရှိဘဲ)၊ ~~၂၀၁၅ ခုနှစ်အထိ ပြင်သစ်အာဏာပိုင်များက ဧရမ်းဆုတ်ထားသူဖြစ်သည်။ ထို့နောက်~~ အကြမ်းဖက်အဖွဲ့အစည်းတွင် ပါဝင်ပတ်သက်မှုဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၃ ရက်တွင် ပြင်သစ်တရားရုံးက ထောင်ဒဏ် တစ်သက်တစ်ကျွန်းချမှတ်ခဲ့သည်။

ဆုံးဖြတ်ချက် ၂၇၃၄ (၂၀၂၄) အပိုဒ် ၆၁ အရ ကော်မတီသည် အထက်ပါအချက်အလက်များကို စာရင်းသွင်းရခြင်း အကြောင်းရင်းများ၏ အကျဉ်းချုပ်ဖော်ပြချက်ကို အောက်ပါ URL ဝဘ်ဆိုက်တွင် ကြည့်ရှုနိုင်ရန် စီစဉ်ပေးထားပါသည်-

https://main.un.org/securitycouncil/en/sanctions/1267/aq_sanctions_list/summaries.

ISIL နှင့် အယ်လ်ကိုင်းဒါး ပိတ်ဆို့အရေးယူမှုစာရင်းကို အဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများမှ ပေးပို့သော သက်ဆိုင်ရာအချက်အလက်များအပေါ် အခြေခံ၍ ပုံမှန် မွမ်းမံပြင်ဆင်လျက်ရှိသည်။ မွမ်းမံထားသော စာရင်းကို ISIL နှင့် အယ်လ်ကိုင်းဒါး ပိတ်ဆို့အရေးယူမှု ကော်မတီ၏ ဝဘ်ဆိုက်ဖြစ်သော အောက်ပါ URL တွင် ကြည့်ရှုနိုင်ပါသည်-

https://main.un.org/securitycouncil/en/sanctions/1267/aq_sanctions_list.

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ပေါင်းစပ်စာရင်း (Consolidated List) ကိုလည်း ISIL နှင့် အယ်လ်ကိုင်းဒါး ပိတ်ဆို့အရေးယူမှုစာရင်းတွင် ပြုလုပ်ခဲ့သော ပြောင်းလဲမှုအားလုံးနှင့်အညီ မွမ်းမံပေးထားပါသည်။ ပေါင်းစပ်စာရင်း၏ မွမ်းမံထားသော အချက်အလက်များကို အောက်ပါ URL ဝဘ်ဆိုက်မှတစ်ဆင့် ကြည့်ရှုနိုင်ပါသည်-

https://main.un.org/securitycouncil/en/content/un-sc-consolidated-list.